ဖီလေးကျေးရွာ

ဖီလေးကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖီလေးကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ဖီလေးကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ဖီလေးကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၁
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၁
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၂
(င) ကျန်းမာရေးနှင့် အာဟာရ ၁၂
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၂
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၂
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၂
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၃
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၄
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၄
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၄
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၄
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၄
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး ၁၅
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၅
(ဋ္ဌ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၅
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၆
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၇
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၈
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၁၉
(ဂ) ဦးစားပေး စီမံချက်များ ၁၉
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၁
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၂
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၃
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၃
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၄
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၄
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၆

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၂၇
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၂၈
ရည်ညွှန်းချက်များ ၂၉

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၃
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖီလေးကျေးရွာ
ဖီလေးကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်



ဖီလေးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ဖီလေးကျေးရွာအရင်းအမြစ်ပြမြေပုံ - ဖီလေးကျေးရွာ၊ ဖီလေးကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ကျေးမှာ ဖိုးလေး ကျောင်းဖွင့် ၊ ဖိုးလေး အပြေး စု

ရာသီခွင်ပြ ပြကွဒိန်

လ/ အလုပ်အကိုင်	တန်ဖူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	ဟန် ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹	😐	☹	☹	☹	☹	☹	☹	😐	😐	☺	😐	😐
	③ အသင်းသင်	③ အကျီမှ ရှာပါ။	③ အကျီ ရှာပါ။	③ အကျီမှ ရှာပါ။	③ အကျီမှ ရှာပါ။	③ အကျီမှ ရှာပါ။	③ အကျီ ရှာပါ။	③ အသင်းသင်	③ အသင်းသင်	③ အပျဉ်းကို	③ အသင်းသင်	③ အသင်းသင်
												
				စပါး	စပါး	နှမ်း		ဖရုံပဲ				
	အသင်းသင်းကို	အကျီမှ ရှာပါ။	အကျီမှ ရှာပါ။	အကျီမှ ရှာပါ။	အကျီမှ ရှာပါ။	အကျီမှ ရှာပါ။	အကျီမှ ရှာပါ။	အသင်းသင်းကို	အသင်းသင်းကို	ဆန်ပုံးအကို	အသင်းသင်းကို	အသင်းသင်းကို
	အကျီမှ ရှာပါ။	အကျီမှ ရှာပါ။	အသင်းသင်းကို	အပျဉ်းသင်္ဘာ	အပျဉ်းသင်္ဘာ	အပျဉ်းသင်္ဘာ	အပျဉ်းသင်္ဘာ	အပျဉ်းသင်္ဘာ	အသင်းသင်းကို	အသင်းသင်းကို	အသင်းသင်းကို	အကြံးပုံ ပါ။
	ကြက်သည်မ ဖကွေး	ကြက်သွေး ဖကွေး		ငှက်ကျား	ငှက်ကြွေး							
သီးနှံပိုးမွှားရောဂါ ကျရောက်မှု				ရိုက်ဖျက်ဖို့	ရိုက်ဖျက်ဖို့							
	ရိုက်ပါ						အိတ်ဆွဲပါ					
သဘာဝ ဘေးအန္တရာယ်	မိုးကောင်း ဖေဖော်	မိုးကောင်း ဖေဖော်	မိုးရေလာ	မိုးရေလာ	မိုးရေလာ		မိုးရေလာ					လေပြင်း ဖေဖော်

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ဖီလေးကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်ဝန်းသိုမြို့နယ်၏အရှေ့ဘက်၂၀မိုင်ခန့်အကွာတွင်တည်ရှိပါသည်။နမ်းခမ်းမှစမိုင်ခန့်အကွာတွင်တည်ရှိပါသည်။နမ်းခမ်းမှ ရွှေဘိုမြစ်ကြီးနား သွား ၁၀၃ မိုင် လမ်းပေါ်တွင်တည်ရှိပါသည်။ရွာ၏ အရှေ့ဘက်တွင် အနောက်ဘက်တွင် ကံကုန်းကျေးရွာ၊ တောင်ဘက်တွင် ကောလင်းမြို့နယ်ရွာသစ်ကုန်းကျေးရွာနှင့် မြောက်ဘက်တွင် သစ်တောများ တည်ရှိပါသည်။ ကျေးရွာပတ်လည်တွင် လယ် ကွင်းများရှိပါသည်။

(ခ)သဘာဝအရင်းအမြစ်များ။ ။ကျွန်တော်တို့ရွာတွင်သဘာဝအခြားတွင်းထွက်သယံဇာတများ မရှိသလောက်ရှားပါသည်။ သဲနှင့်ကျောက်များအနည်းငယ်ရှိနေပဲရရှိရန်ခက်ခဲနေတယ် အခြားမျိုးစေ့ အပင်များမှာ အနည်းငယ်ရှိနေပေမယ့်ရွာနဲ့အလမ်းဝေးနေပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျွန်တော်တို့ရွာတွင် အိမ်ထောင်စုဦးရေမှာ တစ်နှစ်အောက်မှာ (၂)ယောက်၊ (၅)နှစ်အောက်မှာ (၁၈)ဦးဖြစ်ပြီး၊ (၁၀)နှစ်အောက်မှာ (၂၃)ယောက်၊ (၁၅)နှစ် အောက်မှာ (၂၂)ယောက်ဖြစ်ပြီး(၆၅)နှစ်အောက်မှာ(၁၃၅)ယောက်ရှိပြီးသက်ကြီးရွာအိုမှာ (၂၁)ယောက် ရှိနေပါ သည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျွန်တော်တို့ရွာတွင် လယ်ယာစိုက်ပျိုးရေးကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပါသည်။ ကျပန်း အိမ်ထောင်စု များရှိနေသည့်အတွက် စားဝတ်နေရေးမလုံလောက်ပါ။ ကျွန်တော်ရွာတွင်လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင် ဆောင်ရွက်ခြင်းကြောင့်နေ့စားအလိုက်ကွာခြားပုံမှာ မိန်းကလေး၊ ယောကျ်ားလေးက အနည်း ငယ်စျေးပို ရရှိပါသည်။ ယောကျ်ားလေးများကမိန်းကလေးများထက် လုပ်အားပို သောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ရွာတွင်အဆင်ပြေသောအိမ်ထောင်စုမှာ (၁)အိမ် ဖြစ်ပြီး အသင့်အတင့်ရှိသောအိမ်မှာ (၁၆)အိမ်ဖြစ်ပြီး ဆင်းရဲသောအိမ်မှာ (၃၄)အိမ်ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ ကျွန်တော်တို့ရွာတွင် ဝမ်းစာဖူလုံမှု အိမ်ထောင်စု အရေအတွက် မှာ (၆)အိမ်ရှိပါသည်။ ဝမ်းစာဖို့အရေးအတွက်လုပ်အားခကြိုယူ၍ စားသုံးနေရပါသည်။ အမျိုးသမီး ဦးဆောင်၍ မိသားစုကို ကျုံးရာ ကျပန်းလုပ်ကိုင်၍ အသက်မွေးဝမ်း ကျောင်းပြုလုပ်နေရပါသည်။ စိုက်ပျိုးရေးသည်မိုးရွာမှရသည့်အတွက် ရာသီဥတုဖောက်ပြန်မှု များရှိခဲ့ပါက ရွာသူရွာသားများစားနပ်ရိက္ခာဖူလုံမှုမရှိသည့်အတွက် ပိုလို့အကြတ် အတည်းများ ကြုံရပါသည်။ မိုးတွင်းရာသီကာလတွင် ငှက်ဖျားရောဂါဖြစ်တတ် ပါသည်။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲသည့်အတွက် မိုးတွင်းဆိုလျှင် အခက်အခဲကြုံရပါသည်။ မြေယာမဲ့များကို ဆင်းရဲသားမိသားစုများ လုပ်ကိုင်စားသောက်နိုင်ရန် စက်ယန္တယား ကြီးများလိုအပ်နေပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ။ ။ကျွန်တော်တို့ရွာတွင် အတန်းပညာပြီးမြောက်အောင်မူအား နည်းနေပါသည်။ တစ်ပိုင်းတစ်စနေတဲ့သူများရှိနေပါသည်။ အလယ်တန်းအဆင့်လောက်သာ နေကြပါသည်။ ငွေရေး ကြေးရေးမပြည့်စုံသောကြောင့် အခက်အခဲတွေ အများကြီးရှိနေပါ သည်။လက်ရှိပညာသင်ကြားနေသောမူလတန်း အဆင့်မှာ (၂၀) ယောက်ဖြစ်ပြီးအလယ်တန်းအဆင့်မှာ(၁၄)ယောက်၊ အထက်တန်းအဆင့်မှာ (၃)ယောက်သာ ရှိပါသည်။

(င) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ရွာတွင် ဝမ်းပျက်ဝမ်းလျောနှင့် ငှက်ဖျားရောဂါ၊ တီဘီနှင့်သွေးတိုးရောဂါဖြစ်လေ့ဖြစ်ထရှိသောကြောင့် ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး ဗဟုသုတ အားနည်းသည်။ကျေးလက်ကျန်းမာရေးဌာနခွဲမှရောဂါ များကို ဆယ့်နှစ်လအတွင်းကာကွယ်ဆေးထိုးနှံမှုများပြုလုပ်ပေးပါသည်။ရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲရှိပါသည်။ သို့သော်မိုးရာသီတွင် လမ်းအခက်အခဲရှိသဖြင့် ဆေးရုံသွားရမည့် အခြေအနေ ဖြစ်ပေါ်လာပါ ကမလွယ်ကူပါ။ ဆေးခန်းနှင့် ဆေးသိုလှောင်ထားစရာနေရာများမရှိသောကြောင့် ဆေးခန်း ချထားပေးစေလိုပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ကျွန်တော်ရွာတွင်လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင် ဆောင်ရွက်ခြင်းကြောင့်နေ့စားအလိုက်ကွာခြားပုံမှာ မိန်းကလေး၊ ယောကျ်ားလေးက အနည်း ငယ်စျေးပို ရရှိပါသည်။ ယောကျ်ားလေးများကမိန်းကလေးများထက် လုပ်အားပို သောကြောင့် ဖြစ်ပါသည်။ကျွန်တော်တို့ကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်နှင့် ခေါင်းဆောင်မှုလုပ်ငန်းများတွင် တက်ကြွစွာပါခြင်းမရှိပါ။ သို့သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် လျှင် အမျိုးသမီးများသည်လည်း အမျိုးသားများတန်းတူ ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

(၄)ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ။ ။ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျွန်တော်တို့ရွာတွင် ဘာသာရေး ဆောင်ရွက်မှုများ အသင့်အ တင့်ရှိပေမယ့် ပညာရေးနှင့်ကတျန်းမာရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ လုံခြုံရေးနှင့်ကာ ကွယ်ရေးများ လိုအပ်ချက်များရှိနေသောကြောင့် ဟောပြောပွဲများလုပ် ဆောင် ပေးရန်လိုအပ် နေပါသည် ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက် နေသော ပြင်ပ အဖွဲ့အစည်းများမရှိကြောင်း တွေ့ရှိရပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ။ကျွန်တော်တို့ရွာတွင်လယ်မြေများ အသင့်အတင့်ကောင်းမွန်ပေ မယ့်စားဝတ်နေရေးဖူလုံအောင်မရရှိပါဘူး။ လယ်မြေများကို စိုက်ပျိုးရန် မြို့ကောင်း မြို့သန့် နှင့်စိုက်ပျိုးရန် နည်းပညာများလိုအပ်နေပါသည်။ ကျွန်တော်တို့ ဖီလေး

ကျေးရွာ၏ စိုက်မြေပိုင်ဆိုင်မှုမှာ အသင့်အတင့် ပိုင်ဆိုင် သော ရွာဖြစ်ပါသည်။ မြေယာမဲ့ ၂၁ ဦးရှိပါသည်။ ၂.၅ ဧကအောက်ပိုင်ဆိုင်သူ ၁၀ ဦး ၂.၅ ဧကနှင့် ၅ ဧက ကြားပိုင် ဆိုင်သူ ၁၅ ဦး၊ ၅ ဧကမှ ၁၂.၅ ဧကကြားပိုင်ဆိုင်သူ ၈ ဦးရှိပါသည်။စိုက်ပျိုးရေးကာလတွင်အရင်းအမြတ်များ မှရေသွင်းနိုင်ရန် မိုးရေလှောင်ကန်များ၊ ဆည်၊ ရေလွှဲမြောင်းများလိုအပ်နေသည်။

ကျွန်တော်တို့ရွာတွင် အဓိကစိုက်ပျိုးသည့်သီးနှံမှာ စပါးဖြစ်ပါ သည်။ တစ်ဧကဧ၏ အနည်းဆုံးအထွက်နှုန်းမှာ (၄၀)ဖြစ်ပြီး၊ အများဆုံးအထွက်နှုန်းမှာ(၆၀) ဖြစ်ပါသည်။ ပျမ်းမျှအားဖြင့်အထွက်နှုန်းမှာ(၅၀)ဖြစ်ပါသည်။ အထွက်နှုန်းများနည်းနေသည့် အတွက်စိုက်ပျိုးရေး ပညာပေး ဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်နေပါသည်။ သွင်းအားစု များအသင့်အတင့်ရှိပေမယ့် ဈေးနှုန်းမှန်ကန်စွာ မရာင်းရသောကြောင့်စီးပွားရေးအခက် အခဲများရှိနေပါသည်။

ကျွန်တော်တို့ရွာတွင် လယ်ယာသုံးစက်ပစ်စွည်းပိုင်ဆိုင်မှု အနေဖြင့် လက်တွန်း ထွန်စက် တစ်ဦးချင်းပိုင်အ နည်းငယ်ရှိသော်လည်း တစ်ပိုင်တစ်နိုင်ကိုယ့်လယ်မြေသာလုပ်ကိုင် ကြပါသည်။ လက်တွန်းထွန်စက်ကို အခြားမှ ငှားရမ်းသုံးစွဲသူ ၂၄ ဦးရှိပါသည်။ ခွေလှေ့စက်၊ ရေစုပ်စက်၊ မြက်ရိတ်စက်ပိုင်ဆိုင်သူများလည်း ရှိပါသည်။

ကျွန်တော်တို့ရွာတွင် သီးနှံအထွက်နှုန်းများတိုးစေရန်အတွက် စိုက်ပျိုးရေးနည်းပညာများ လိုအပ်ချက်များစွာရှိသည်။ကျွန်တော်တို့ရွာတွင် လုပ်သားရရှိနိုင်မှုမှာ အလွယ်တကူမရရှိ နိုင်ပါ။ သီးနှံများဖြစ်ထွန်းနိုင်ရန် နည်းပညာများလိုအပ်နေပါသည်။ သီးနှံများကို ကျရောက်လေ့ရှိသော ရောဂါပိုးများမှာ ရွက်လိပ်ပိုးနှင့် ရွက်ဖြတ်ပိုးတို့ကျရောက်လေ့ရှိသည်။

မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေတွင် နွားမွေးမြူသူ ၃ ဦး ကောင်ရေ ၂၀ ကောင် ၊ ကျွဲမွေးမြူသူ ၂၂ ဦး ကောင်ရေ ၇၈ ကောင်ရှိပြီး ကျွဲနှင့် နွားများကို လယ်ယာလုပ်ငန်းတွင် အသုံးပြုရန်အတွက် မွေးမြူကြပါသည်။ အခြားမွေးမြူရေးအနေဖြင့် ဝက်၊ ကြက် နှင့် ငါးများကို မွေးမြူကြပြီး ဝက်များကိုတော့ စီးပွားဖြစ်မွေးမြူကြပါသည်။ကျွန်တော်တို့ရွာတွင် အိမ်ခြံဝင်းများ အလုံအလောက်ရှိပေမယ့် မြိုးကောင်းမြိုးသန့်များမရှိသောကြောင့် ထုတ်ကုန်များမရောင်းချနိုင်ပါ။ မြိုးကောင်းမြိုးသန့် များရရှိနိုင်ရန် နည်းပညာများ လိုအပ်နေပါသည်။ ကျွန်တော်တို့ရွာတွင် စားကျက်မြေများရှားသည့်အတွက် ကျွဲ၊ နွားများကိုတစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ မိုးရွာမှ ရေရသည့်အတွက် ရေရှားပါးသည်။

(၈) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းမဟုတ်သော အခြားလုပ်ငန်း များဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများမှာ လယ်ယာမြေမရှိသဖြင့် ကျပန်းလုပ်ကိုင် သူများသာရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အလုပ်အကိုင် အတွက် ပြဿနာနှင့် အခက် အခဲများမျှာ ကျေးရွာတွင် လုပ်သား ရှားပါးခြင်း၊ အခြားစီးပွားရေးဆောင်ရွက်ရန် အခွင့်အလမ်းနည်းပါးခြင်း ဖြစ်ပါသည်။

(ဃ) ရွှေပြောင်းလုပ်သားများ။ ။ကျွန်တော်တို့ကျေးရွာတွင် ရွှေပြောင်းလုပ်သားများမရှိပါ။

(င) ကုန်စည် နှင့် ဝန်ဆောင်မှု စျေးကွက်။ ။ ။ကျွန်တော်တို့ရွာတွင် ကုန်စိမ်း၊ ကုန်ခြောက်၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် အဝတ်အထည်များရရှိနိုင်ရန် မိုးရာသီတွင် လမ်းနှင့်တံတားများ ပျက်စီး နေသော ကြောင့် အခက်အခဲတွေ အများကြီး ကြုံတွေ့နေရပါသည်။ ကိုယ်လိုသောပစ္စည်းများကို နမ်းခမ်းမှာထက်၊ ကောလင်းကို သွားပြီးဝယ်ယူရပါသည်။ ကိုယ် ရောင်းလိုသောပစ္စည်းများသည် နမ်းခမ်းမှာထက် ကောလင်းမှာ ရောင်းရတာပိုမိုမြန်ဆန်ပါ သည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျွန်တော်တို့ရွာတွင် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်နှင့် သမဝါယမ ချေးငွေမှ ထုတ်ချေးပေးပြီး ကာလတိုထုတ်ချေးရပါသည်။ အတိုးနှုန်းမှာ ၁မှ၂%အထိ ပေးသွင်းရပါသည်။ ရွာသူ/သားများချေးငွေများကိုလိုတဲ့အချိန်မှာမရနိုင်သော ကြောင့် အခက်အခဲ တွေရှိ နေပါသည်။ ရွာသူ/သားများအဆင်ပြေလွယ်စေရန်လိုအပ်နေတဲ့အ ချိန်မှာ ချေးငွေများ ထုတ်ပေး စေလိုပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ကျွန်တော်တို့ရွာတွင် သဘာဝ အခြားတွင်းထွက်သယံဇာတများ မရှိသလောက်ရှားပါသည်။ သဲနှင့်ကျောက်များအနည်း ငယ် ရှိနေ ပဲရရှိရန်ခက်ခဲနေတယ် အခြားမျိုးစေ့ အပင်များမှာ အနည်းငယ်ရှိနေပေမယ့် ရွာနဲ့အလမ်းဝေးနေပါသည် ကျွန်တော်တို့ရွာတွင် သဘာဝပတ်ဝန်းကျင်နှင့်မြေဆီဩဇာအ ခြေအနေ အပင်မျိုး စိတ်များနှင့် ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှုများကို ရွာသူ/သား များ အလေ့အကျင့်မရှိသောကြောင့် ရွာသူ/သားများသိရှိနားလည် နိုင်စေရန် ဟောပြောပွဲများပြု လုပ်ပေးရန်လိုအပ်သည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့ရွာတွင် လက်ရှိစာသင်ကျောင်းမှာ မူလွန်ဖြစ်ပြီး အလျားမှာ ၈၀ ၊ အနံမှာ ၃၂၊ အမြင့်မှာ ၂၃ပေမြင့်ပါသည်။ ကျောင်းသားကျောင်းသူများ အတွက် ကျောင်းသုံး အိမ်သာနည်းနေသောကြောင့် အခက်တွေ့နေပါသည်။ အာဟာရတိုက် ကျွေးမှုမှာ မရှိသလောက်ရှားပါသည်။ ဆရာ/ဆရာမ များလုံလောက်မှုရှိပေမယ့် မသန်စွမ်းပညာသင်ကြားနေသူမရှိသလောက်ရှားပါသည်။ ကျောင်းသုံး စာအုပ်နှင့် စာရေး ကိရိယာများ ကျောင်းသူ/ကျောင်းသားများ လုံလောက်စွာ မရနိုင်သည့်အတွက် လုံလောက်စွာ ချပေးစေလိုပါသည်။ ကျောင်းသား/သူများအတွက် အားကစားဆိုင်ရာ ပစ္စည်းများမရှိတဲ့အ တွက်အားကစားနှင့် ပတ်သက်လို မဖြစ်ထွန်းကြောင်း အားကစားကွင်း များနှင့်အားကစား ပစ္စည်းများလည်းမရှိပါ။

ကျွန်တော်တို့ရွာတွင် ဝမ်းပျက်ဝမ်းလျောနှင့် ငှက်ဖျားရောဂါ၊ တီဘီနှင့်သွေးတိုး ရောဂါဖြစ်လေ့ဖြစ်ထရှိသောကြောင့် ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး ဗဟုသုတ အားနည်း သည်။ကျေးလက်ကျန်းမာရေးဌာနခွဲမှရောဂါ များကို ဆယ့်နှစ်လအတွင်းကာကွယ်ဆေး

ထိုးနှံမှုများပြုလုပ်ပေးပါသည်။ရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ သို့သော်မိုးရာသီတွင် လမ်းအခက်အခဲရှိသဖြင့် ဆေးရုံသွားရမည့်အခြေအနေဖြစ်ပေါ်လာပါ ကမလွယ်ကူပါ။ ဆေးခန်းနှင့် ဆေးသိုလှောင်ထားစရာနေရာများမရှိသောကြောင့်ဖြစ်ပါသည်။

ကျွန်တော်တို့ရွာတွင် ရေတွင်းတွေရှိပေမယ့် သောက်သုံးရေမှာ တစ်ရွာလုံမှ ရေတွင်း(၁) တွင်းကိုသာအမှီပြုပြီးသောက်သုံးနေရပါသည်။ မိုးရာသီနှင့် ဆောင်း ရာသီမှာ ရေအလုံအလောက်ရှိပေမယ့် နွေရာသီမှာရေအလွန်ရှားပါးနေပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ရေလောင်း / ယင်လုံ အိမ်သာကိုသာ အသုံးပြုကြပါသည်။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ရွာတွင်မြေသားလမ်းအမျိုးအစားဖြစ်သည့် အတွက်လမ်းပန်းဆက်သွယ်ရေးမှာ အလွန်ခက်ခဲနေပါသည်။ ပွင့်လင်းရာသီမှသွားလာရတာ လွယ်ကူနိုင်ပါသည်။ကျွန်တော်တို့ရွာတွင်ချောင်း၊ မြောင်းတေတွမှာ တံတားများနှင့် ရေပြွန်မရှိသည့်အတွက် သွားလာရတာအခက်အခဲတွေအများကြီးရှိနေပါသည်။ ကျွန်တော်တို့ တောင်သူတွေအတွက် ဆန်နှင့်စပါးများရောင်းရတာစျေးတွေနှိမ်ပြီး ရောင်းရပါသည်။ ကျေးလက်တောင်သူများ အဆင်ပြေစေရန်၊ တံတားနှင့်ရေပြွန်မြောင်းများတည်ဆောက်နိုင်ရန် လိုအပ်ပါသည်။

ကျွန်တော်တို့ရွာတွင်မဟာဓာတ်အားလိုင်းကိုအသင့်အတင့်သုံး နေရပေမယ့် ရွာသူ/သားများ အကုန်သုံးစွဲနိုင်စေရန် ငွေကြေးအခက်အခဲများရှိနေသောကြောင့် တစ်ရွာလုံးမီးမလင်းသေးပါ။

ကျွန်တော်တို့ရွာတွင်ဆက်သွယ်ရေးမှာ ဖုန်းအနည်းငယ်ရှိပြီး တီဗီမှာလည်းနည်းသောကြောင့် နည်းပညာအချက်အလက်များနည်းပညာအချက်အလက် များအားနည်းနေပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ ကျေးရွာတွင် လူငယ်များ အနားယူအပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲ များနှင့် စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိုပ်သာများ၊ စာကြည့်တိုက်များ စသည် တို့တွင် ဝင်ရောက်လေ့လာသင်ယူနိုင်ခြင်းများ မရှိပါ။ ကျေးရွာ လူငယ်များအနေဖြင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုတွင် အသင့်အတင့်ရှိပါသည်။ ကျေးရွာ၏ ကျန်းမာရေးအတွက် အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာ နှင့် အထောက်အကူပြုပစ္စည်းများအလွန်နည်းပါး ပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် ရှေးဟောင်း အမွေအနှစ်များ မရှိသဖြင့် ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှုတွင် လူငယ်များအနေဖြင့် အလွန်နည်းပါးသည် ကို တွေ့ရပါသည်။

(ဋ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ရွာတွင်တယ်လီဖုန်းလိုင်းများ သုံးစွဲနေရပေမယ့် အရေးကြီးသောသတင်းများကို သိရှိနိုင်ရန် အင်တာနက်လိုင်းများ မကောင်းသည့်

အတွက် ချက်ချင်းမသိရှိနိုင်ပါ။ မှုခင်းများဖြစ်ပွားပါကမှုခင်းဆိုင်ရာလျော့ချရေးအတွက် ရဲဘက်ဆိုင်ရာဝန်ဆောင်မှုများမလုပ်ပေးသောကြောင့် မှုခင်းဆိုင်ရာဟောပြောပွဲများပြုလုပ် ရန် လိုအပ်လျက်ရှိပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့် အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေမရှိပါ။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့် အလမ်းရှိသော် လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ စျေးကွက် လက်လှမ်းမမီကြပါ။ လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များ အချိန်မှီ စျေးကွက်သို့ မတင်ပို့နိုင်ကြခြင်း သည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ စျေးရောင်းရသူများ အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) ကျေးရွာ၏ လမ်းများ / ကျေးရွာတွင်းလမ်းများ/ ကျေးရွာ သောက်သုံးရေလုံလောက်စွာ ရရှိလာစေရမည်။

က၊၂) ကျေးရွာ၏ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရမည်။

က၊၃) ကျေးရွာတွင် မဟာဓါတ်အားလိုင်း ရရှိ၍ ကျေးရွာ၏ လူနေမှုစီးပွားဘဝပိုမို မြင့်မားလာစေရမည်။

က၊၄) ကျေးရွာစာသင်ကျောင်း ယင်လုံအိမ်သာနှင့် ကျောင်းရေကန်များတည်ဆောက်လာနိုင်စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာအထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏ အခြေခံအဆောက်အဦများဖြစ်သည့် ကျေးရွာတွင်းလမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာတွင် သောက်သုံးရေ ဖူလုံမှုရရှိစေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၂) ကျေးရွာကျန်းမာရေးဆေးပေးခန်းရရှိရန်အတွက်ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၃) ကျေးရွာ၏ လူနေမှု စီးပွားဘဝ မြင့်မာလာရေးအတွက် ကျေးရွာတွင် ၂၄ နာရီ မဟာဓါတ်အားလိုင်းစနစ် ရွာလုံးကျွတ်ရရှိစေရန် မြို့နယ်လျှပ်စစ်နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၄) ကျေးရွာစာသင်ကျောင်း ယင်လုံအိမ်သာနှင့် ရေကန်တည်ဆောက်နိုင်ရန် ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ဂ)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင်

ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်း တစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထား ချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်း များကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်း ပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်

မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(ဘ) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အဆောက်အဦ	၁။ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း ၂။ ကျေးရွာတွင်း တံတားများ တည်ဆောက် ခြင်း ၃။ အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း ၄ ။ ဘုန်းတော်ကြီးကျောင်းတည် ဆောက်ခြင်း ၅။ စာသင်ကျောင်း ရေကန်တည်ဆောက်ခြင်း ၆။ ကျောင်းအိမ်သာတည်ဆောက်ခြင်း	၉၀	၁ ၂ ၃ ၄ ၅ ၆		
၂။ ကျန်းမာရေး	၇။ ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ခြင်း	၅၀	၇ ၈		
၃။ လျှပ်စစ်	၈။ ကျေးရွာလုံးကျွတ်လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း	၄၀	၉		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	✓	✓	✓	✓	✓
၂	တံတားတည်ဆောက်ခြင်း	၂		✓	✓		
၃	အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း	၃	✓				
၄	ဘုန်းတော်ကြီးကျောင်းတည်ဆောက်ခြင်း	၄		✓	✓		
၅	စာသင်ကျောင်းရေကန်တည်ဆောက်ခြင်း	၅				✓	
၆	ကျောင်းအိမ်သာဆောက်လုပ်ခြင်း	၆				✓	
၇	ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ခြင်း	၇				✓	
၈	ကျေးရွာလုံးကျွတ်လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း	၈				✓	

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း			✓		
၂	တံတားတည်ဆောက်ခြင်း			✓		
၃	အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း			✓		
၄	ဘုန်းတော်ကြီးကျောင်းတည်ဆောက်ခြင်း			✓		
၅	စာသင်ကျောင်းရေကန်တည်ဆောက်ခြင်း			✓		
၆	ကျောင်းအိမ်သာဆောက်လုပ်ခြင်း			✓		
၇	ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ခြင်း			✓		
၈	ကျေးရွာလုံးကျွတ်လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

